# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်၊ တနင်္ဂနွေနေ့။ Sunday, 1 February 2026 ၁၂၀၈၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အကြောင်းအမျိုးမျိုးကြောင့် ဌာနမှကင်းကွာနေသည့် ဝန်ထမ်းများအား ပြစ်မှုကျူးလွန်ခြင်းမရှိပါက အမည်မည်းစာရင်း(Black Lists)မှ ဖြေလျှော့ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေကြောင်း သိရှိရပါသည်။

၂။ အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများအား စိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများအား အမည်မည်းစာရင်း(Black Lists)မှ ဖြေလျှော့ပေးလျက်ရှိပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့


### ယနေ့ ဖတ်စရာ

**ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ ထိန်းသိမ်းစို့**

ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**

စာမျက်နှာ » ၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ » ၉




ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် ၂၀၂၆ တွင် ပါဝင်ဆင်နွှဲကြသူများကို တွေ့ရစဉ်။

## ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် ၂၀၂၆ ဖွင့်ပွဲ ကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၃၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် ၂၀၂၆ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ပြင်ဦးလွင်ခရိုင် ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





ကြေးမုံ

# သြဝါဒပါတိမောက်အခါတော်နေ့ လိုက်နာရမည့်ဘဝလမ်းပြမြတ်ဓမ္မ

'ပါတိမောက်' ဆိုသည်မှာ ပါတိမောက္ခဆိုသည့် ပါဠိစကားမှ ပြောင်းလဲလာသည့် ဝေါဟာရဖြစ်သည်။ ပါတိနှင့် မောက္ခ ပေါင်းစပ်ထားခြင်းဖြစ်သည်။ 'ပါတိ' ဆိုသည်မှာ စောင့်ရှောက်သည့်တရားဖြစ်သည်။ ကျမ်းစာအလိုအရ 'ပါတိရက္ခတီတိပါတိ' ဟုဆိုသည်။ အကုသိုလ်ကိုရှောင်ကြဉ်၍ တရားအဆုံးအမနှင့်အညီ စောင့်ထိန်းနေထိုင်ပါလျှင် ထိုသို့စောင့်ထိန်းအပ်သောတရားတို့က စောင့်ထိန်းသူကို အပါယ်ဘုံသို့ မကျရောက်အောင် စောင့်ရှောက်သည်ဟု အကျဉ်းချုပ်ဆိုနိုင်သည်။

'မောက္ခ' ဆိုသည်မှာ သံသရာမှ လွတ်မြောက်ခြင်းဟုဆိုသည်။ ကျမ်းစာအလိုအရ 'မောက္ခတိ မောစေတီတိ မောက္ခံ' ဟုဆိုသည်။ ကုသိုလ်တရားများကို ပြည့်စုံစွာ ဆောင်ကြဉ်းထားလျှင် ထိုသို့ဆောင်ကြဉ်းထားအပ်သော ကုသိုလ်တရားတို့က ဆောင်ကြဉ်းထားသူကို သံသရာဒုက္ခဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ဆောင်ကြဉ်းပေးခြင်းဟု အကျဉ်းချုပ်ဆိုနိုင်သည်။ တရားကိုဆောက်တည်လျှင် တရားကပြန်လည်စောင့်ရှောက်ခြင်း အညမညတရားသဘောဖြစ်သည်။ 'သြဝါဒ' ဆိုသည်မှာ လိုက်နာကျင့်သုံးသူတို့အား အပါယ်ဘေးမှကင်းဝေးစေသော အဆုံးအမစကားများကို ခေါ်ဆိုပါသည်။ ဆုံးမစကားဖြစ်၍ မဖြစ်မနေလိုက်နာရမည့် အမိန့်ပွာယ် မဆောင်ချေ။ ကောင်းကျိုးလိုလားသူများ အသိဉာဏ်နှင့်ယှဉ်၍ ကိုယ်ပိုင်အသိဖြင့် လိုက်နာခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းစဉ်ကာလ ဝိနည်းသိက္ခာပုဒ်တော်များ မရှိသေးမီ၌ ဘုရားရှင်က ရဟန်းတော်များလိုက်နာစောင့်ထိန်းရန် သြဝါဒပါတိမောက်ကို ပြတော်မူသည်။ ပါတိမောက်ပြသည်ဆိုသည်မှာ ပါတိမောက်ဒေသနာတော်ကို ဟောကြားခြင်းပင်ဖြစ်သည်။ ပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူရာ၌ ဘုရားရှင်တို့၏ထူးခြားချက်မှာ ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း ပါတိမောက်ကိုပြခြင်း၊ ဘုရားရှင်သက်တမ်းအတွင်း တစ်ကြိမ်သာပြတော်မူခြင်း၊ တပို့တွဲလပြည့်နေ့တွင် ပြခြင်းဖြစ်သည်။ သြဝါဒပါတိမောက် နာယူကြသည့် ရဟန်းတော်များသည် ဧဟိဘိက္ခုရဟန်းများသာဖြစ်ခြင်း၊ ပဋိသမ္ဘိဒါပတ္တရဟန္တာများဖြစ်ခြင်း၊ မည်သူမျှ မပင့်မဖိတ်ဘဲ အလိုလိုစုဝေးလာခြင်း ဟူသည့် အင်္ဂါသုံးပါးနှင့် ပြည့်စုံသဖြင့် အလွန်မွန်မြတ်သည့်တရားပွဲဖြစ်သည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ရောက်တော်မူသည်။ မိဂဒါဝုန်တောတွင် ပထမဝါဆိုတော်မူသည်။ ဝါကျွတ်ပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ စံနေတော်မူစဉ် မဟာသက္ကရာဇ် ၁၀၃ ခု တပို့တွဲလပြည့်နေ့နှင့်ကြုံကြိုက်သည်။ သြဝါဒပါတိမောက်နာယူရန် အင်္ဂါသုံးရပ်နှင့်ပြည့်စုံသော ကဿပညီနောင် ရဟန္တာတစ်ထောင်၊ အဂ္ဂသာဝကများဖြစ်သည့် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဦးဆောင်သော ရဟန္တာ ၂၅၀ စုစုပေါင်း ရဟန္တာအပါး ၁၂၅၀ တို့သည် ဘုရားရှင်ရှေ့မှောက်၌ အလိုအလျောက် စုဝေးလာကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က သြဝါဒပါတိမောက်ပြတော်မူပြီး အရှင်သာရိပုတ္တရာကို ပညာ ဧတဒဂ်၊ အရှင်မောဂ္ဂလာန်ကို တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း ဧတဒဂ် ချီးမြှင့်တော်မူခဲ့သည်။

ပါတိမောက်ကို ထပ်မံခွဲခြားသော် သြဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရသည်။ သြဝါဒပါတိမောက်ကို မြတ်စွာဘုရားရှင်ကိုယ်တိုင် ပြသ သြဝါဒပေးခွင့်ရှိသည်။ သက်တော်ရှည်ဘုရားရှင်တို့သည် သြဝါဒပါတိမောက်ကို ခုနစ်နှစ်တစ်ကြိမ်၊ ခြောက်နှစ်တစ်ကြိမ် ပရိနိဗ္ဗာန်စံတော်မူသည်အထိ ဟောကြားသည်။ ဂေါတမမြတ်စွာဘုရားကဲ့သို့ သက်တမ်းတိုသောဘုရားတို့သည် ဝါတော်နှစ်ဆယ်အတွင်း တစ်ကြိမ်သာဟောတော်မူသည်။ ဝါတော်နှစ်ဆယ်နောက်ပိုင်းရောက်သောအခါ သြဝါဒပေးရုံ၊ ဆုံးမစကားမိန့်တော်မူရုံဖြင့် လိမ္မာစွာလိုက်နာကျင့်ကြံသူ နည်းပါးလာသည်။ အများစုမှာ လောဘ၊ ဒေါသ၊ မောဟစရိုက်များ ထူပြောလာသဖြင့် ဆုံးမစကားပြောရုံဖြင့်မရနိုင်ဘဲ အာဏာပါတိမောက်(မဖြစ်မနေလိုက်နာရမည့်သိက္ခာပုဒ်)ကို ဟောကြားတော်မူခဲ့သည်။

သြဝါဒပါတိမောက် သုံးဂါထာသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ဟောကြားသည့် ပိဋကတ်အနှစ်ချုပ်တရားဖြစ်သည်။ သြဝါဒပါတိမောက် အဆုံးအမအတိုင်း လိုက်နာကျင့်ကြံပါက ကာယကံ၊ ဝစီကံ၊ မနောကံများ စင်ကြယ်ကာ သီလ၊ သမာဓိ၊ ပညာများ ရင့်ကျက်မြင့်တက်လာပြီး နောက်ဆုံးပန်းတိုင်ဖြစ်သည့် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်။ သြဝါဒပါတိမောက် သုံးဂါထာသည် ရဟန်းတော်များကို အဓိကထား၍ ဟောကြားတော်မူခဲ့သည်မှာ မှန်သော်လည်း ဗုဒ္ဓဘာသာဝင်တိုင်း၊ လူပုဂ္ဂိုလ်တိုင်း လိုက်နာအပ်သည့် ဘဝလမ်းပြ မြတ်ဓမ္မဖြစ်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ထွန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်ဇော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါ်တင့်တင့်ဟန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

## လာနီညာဖြစ်စဉ်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

**မိုး/ဇလ**

## ၃၁ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီများ ပြန်လည်ပြုပြင်ထိန်းသိမ်းမှု လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိဘုရား၊ စေတီတော်များ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများကို လိုက်လံကြည့်ရှုသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် ပြိုင်အင်းအုပ်စု ဖျိုင်းအင်းကျေးရွာ ပြိုင်အင်းရှေးဟောင်းဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိရာ စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းဆက်ကပ်ပြီး ပြိုင်အင်းရှေးဟောင်းဆုတောင်းပြည့်စေတီတော်ဂေါပကနှင့် တာဝန်ရှိသူများက ရှေးဟောင်းဘုရားသမိုင်းဝင်သည့် စေတီတော်များ ငလျင်ဒဏ်သင့်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းဆုတောင်းရစေတီတော်နှင့် ရဟန္တာသိမ်တော်ကြီးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြုပြင်ထိန်းသိမ်းမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ မူလလက်ရာများအတိုင်း ပြင်ဆင်ထိန်းသိမ်းရေး၊ ငလျင်ဒဏ်ရစ်ချ်စတာစကေး ၈ အဆင့်ခံနိုင်အောင် ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး ဂေါပကအဖွဲ့ထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရသေ့ကြီးဦးခန္တီ၏ ဇာတိမြေနေရာ နေပြည်တော် တပ်ကုန်းမြို့နယ် ပျော်ဘွယ်ရွာ ပိတောက်ကုန်းကျေးရွာရှိ ရသေ့ကြီးဦးခန္တီ တည်ထားခဲ့သော အိမ်တော်ရာ မဟာစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ဦးခန္တီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရသေ့ကြီး ဦးခန္တီ အိမ်တော်ရာ မဟာစေတီတော်မြတ်ကြီး ရှေးမူမပျက် မူလအတိုင်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းကပ်လှူပူဇော်သည်။

ထို့နောက် ရသေ့ကြီးဦးခန္တီ တည်ထားခဲ့သော မဟာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏သမိုင်းကြောင်းများ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြုပြင်မွမ်းမံမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရသေ့ကြီး ဦးခန္တီစေတီတော်ကြီး၊ တန်ဆောင်းလျှောက်လမ်း၊ လျောင်းတော်မူရုပ်ပွားတော်၊ မှတ်တမ်းကျောက်စာ၊ ဗုဒ္ဓဝင်ပန်းချီကားချပ်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ရသေ့ကြီးဦးခန္တီအိမ်တော်ရာဘုရား ထိုင်တော်မူရုပ်ပွားတော်၊ ရပ်တော်မူဘုရားတို့ကို ကြည့်ရှုကြည်ညိုသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရသေ့ကြီးဦးခန္တီ တည်ထားခဲ့သော အရိမေတ္တေယျရုပ်တော်မူရုပ်ပွားတော်ကြီး ပြန်လည်တည်ထားမည့်အခြေအနေနှင့် ထိုင်တော်မူရုပ်ပွားတော်များ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေကို ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရပ်တော်မူရုပ်ပွားတော်ကြီးနှင့် ထိုင်တော်မူရုပ်ပွားတော်များ ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ ရှေးမူမပျက်ဘဲ ရသေ့ကြီးဦးခန္တီတည်ထားခဲ့သည့်အတိုင်း ပြန်လည်ပြုပြင်မွမ်းမံရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ရသေ့ကြီး ဦးခန္တီသီတင်းသုံးသည့်ကျောင်းကို ကြည့်ရှုကာ ကျောင်းနေဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ် အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယနေ့ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမဏ္ဍိုင်သည် Digital Transformation ဖြစ်ပြီး AI စသော ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာများသည် အံ့မခန်းလျင်မြန်စွာ ပြောင်းလဲတိုးတက်လာနေပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း Agro-based Industries၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေးတို့တွင် ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ သက်ဆိုင်ရာ မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များပြည့်မီအောင် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလများအတွင်း ပြီးမြောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးကို အမှန်တကယ်အထောက်အကူပြုနိုင်ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းရည်များကို ထိန်းကျောင်းမြှင့်တင်ပေးနိုင်မည့် Digital Platform များကို တည်ထောင်သွားရန်၊ ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်ဖန်တီးမှုများကို အခြေခံသည့် စွန့်ဦးတီထွင် ဂေဟာရပ်ဝန်းတစ်ရပ် ပေါ်ပေါက်လာစေရေး၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ် လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေး အတွက် စံနှုန်းပြည့်မီသော ဒစ်ဂျစ်တယ်လူငယ်ပညာရှင်များ စဉ်ဆက်မပြတ် ပျိုးထောင်ပေးသွားရန်၊ နည်းပညာအရွေ့များကို လိုက်မီသော AI၊ Cybersecurity နှင့် Digital Citizenship သင်တန်းများ၊ Digital Ethics အသိပညာပေးပွဲများ မြှင့်တင်ဆောင်ရွက်သွားရန်၊ ဒေသအကျိုးပြု ဒစ်ဂျစ်တယ် စီမံကိန်းများကို ဟန်ချက်ညီညီပေါင်းစပ်၍ နိုင်ငံ့အကျိုးပြု ဒစ်ဂျစ်တယ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်သည်အထိ နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းတို့မှ Digital Stakeholders များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ပအဖွဲ့အစည်းများ ဖြစ်ကြသော UMFCCI၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ ဥက္ကဋ္ဌများက မဟာဗျူဟာပန်းတိုင်များ ပြည့်မီစေရေး လုပ်ငန်းစဉ်များ အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက် ဆောင်ရွက်သွားရမည့် အစီအစဉ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် AI အသိပညာပေးပွဲများ ကျင်းပသွားနိုင်ရေး၊ ကောက်ယူပြီးသော ဒစ်ဂျစ်တယ်စစ်တမ်းများနှင့် သုတေသနပူးပေါင်း ဆောင်ရွက်ရေးတို့ကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

ဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အဖွင့်အမှာစကားပြောကြားပြီး နံနက် ၈ နာရီက စက်ဘီးစီးနင်း လိုက်ပါသူများကို ခရိုင်အားကစားကွင်းအတွင်းမှ စတင်တာလွှတ်ပေးခဲ့သည်။

အဆိုပါ စက်ဘီးစီးအဖွဲ့သည် သတ်မှတ်လမ်းကြောင်းဖြစ်သည့် မန္တလေး-လားရှိုးလမ်းအတိုင်း စီးနင်းထွက်ခွာလာပြီး ရပ်ကွက်ကြီး ၂၃ မိုးကြိုး(အထက)တွင် ပြန်လည်လူစု၍ နားနေခြင်းများပြုလုပ်ပြီး မိုးကြိုး(အထက)မှ သိမ်အင်းကျေးရွာအထိ၊ သိမ်အင်းကျေးရွာမှ ပွဲကောက်ရေတံခွန်သို့ မရောက်မီ လမ်းဘေးဝဲ/ယာရှိ စိုက်ခင်းများ၊ ရှုခင်းများတွင်ဓာတ်ပုံရိုက်ကူးခြင်းများပြုလုပ်ကာ သတ်မှတ်လမ်းကြောင်းအတိုင်း ပွဲကောက်ရေတံခွန် ( BE.FALLS ) အပန်းဖြေစခန်းသို့ ဆက်လက်စီးနင်းထွက်ခွာခဲ့ကြသည်။

အဆိုပါ စီတန်း၍ ဝင်ရောက်လာသော စက်ဘီးစီးသမား ၃၇၀ ကျော်အား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလည်ဆွဲဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသများ၏ စိတ်ဝင်စားဖွယ် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ၊ ပတ်ဝန်းကျင်ရေမြေတောတောင် သဘာဝရှုခင်းများတွင် အပန်းဖြေလေ့လာခြင်းများကို ခရီးသွားများပိုမိုစိတ်ဝင်တစားလာရောက်လည်ပတ်စေရန်အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေနည်းမည့်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၆၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

**လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စမုံရေထိန်းတမံ၏ ပင်မတမံ၊ ရေတံခါးများနှင့် ရေပိုလွှဲပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ စစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ စမုံမြစ် အင်တိုင်းသာချောင်းပေါ်၌ တည်ဆောက်ထားသော စမုံရေထိန်းတမံသို့ရောက်ရှိပြီး တမံပြုပြင်ရေးလုပ်ငန်းများ၊ ရေတံခါးများနှင့် ရေပိုလွှဲပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်ခဲ့သော ရာဂီမုန်တိုင်းအရှိန်ကြောင့် စမုံရေထိန်းတမံအတွင်း သိုလှောင်နိုင်သည့် ပမာဏထက် ပိုမိုသည့်ရေများ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီး တမံထိခိုက်ပျက်စီးခဲ့မှု၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည့် တမံပြုပြင်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် အကျယ် ပေ ၅၃၀ ရှိသည့် Dam Fuse ထည့်သွင်းတည်ဆောက်ခြင်း၊ ပင်မရေပိုလွှဲနှင့် ရေတံခါးများ ပြုပြင်ခြင်းလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါး ၁၅၁၇ ဧကအား စိုက်ပျိုးရေပေးဝေခဲ့မှုနှင့် လက်ရှိတွင် စမုံရေထိန်းတမံအတွင်းရှိ လက်ကျန်ရေ ၄၃၂၇ ဧကပေမှ နွေစပါးနှင့် နွေအခြားသီးနှံ ဧက ၅၀၀ အား စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စမုံရေထိန်းတမံအနေဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၇၉၁၃ ဧကပေသာ သိုလှောင်နိုင်သော်လည်း ၂၀၂၄ ခုနှစ်၌ ဝင်ရေ ဧကပေ ၂၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့မှုအပါအဝင် ထူးခြားဖြစ်စဉ်များနှင့် နှစ်အလိုက် ဝင်ရေမှတ်တမ်းများ စနစ်တကျပြုစုထားရှိရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ စမုံရေထိန်းတမံ ရေဝပ်ဧရိယာအပါအဝင် ဆည်တမံဆိုင်ရာ ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်ခြင်းမရှိသော အဆောက်အအုံနှင့် မြေယာအသုံးပြုမှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စမုံရေထိန်းတမံအနီးရှိ အမြင့်ပိုင်းစိုက်ပျိုးမြေများ ရေရရှိရေးအတွက် ဆောင်ရွက်ထားရှိသော ဆိုလာစနစ် ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဆည်ရေသောက် ဧရိယာအတွင်း စပါးသီးနှံအခြေခံ ဆီထွက်သီးနှံနှင့် ဝင်ငွေရသီးနှံများ သီးထပ်စိုက်ပျိုးရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တောင်သူအခက်အခဲများကို သက်ဆိုင်ရာဌာနပညာရှင်များက နည်းလမ်းရှာဖွေကူညီပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရာဂီမုန်တိုင်းကြောင့် ရေတိုက်စားကျိုးပေါက်ခဲ့သော ဝမ်းတွင်းမြို့နယ် ကင်းတားလက်ဝဲတူးမြောင်း ပေတိုင် -၁၃၄၂၀၀ ရှိစမုံရေငုပ်ပြွန် တည်ဆောက်ရေးလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နွေစပါးနှင့် အခြားနွေသီးနှံများ စိုက်ပျိုးရေ အချိန်မီပေးဝေနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး၊ စီမံကိန်းလုပ်ငန်းအတွက် အသုံးပြုခဲ့ရသော မြေယာများအတွက် တည်ဆဲမြေယာဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သင့်သည်များကို ပြည့်စုံစွာ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ရာဂီမုန်တိုင်းအရှိန်ကြောင့် စမုံမြစ်တစ်လျှောက်တွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး စမုံရေငုပ်ပြွန်သည်လည်း ရေတိုက်စား ကျိုးပေါက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ်၌ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခဲ့ကြောင်း၊ တည်ဆောက်နေစဉ်ကာလအတွင်း စိုက်ပျိုးရေ ယာယီပေးဝေနိုင်ရန် စမုံမြစ်အတွင်း ယာယီရေတားတမံဖို့၍ အဆိုပါတမံပေါ်မှ ယာယီရေပေးမြောင်းတည်ဆောက်ပြီး နွေစပါးနှင့် အခြားနွေသီးနှံ ဧက ၅၀၀ အား စိုက်ပျိုးရေပေးဝေခဲ့ကြောင်း၊ စမုံရေငုပ်ပြွန်အသစ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် ၂၀၂၅ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ရေငုပ်ပြွန်တည်ဆောက်ဆဲလုပ်ငန်းများ ထိခိုက်မှု ဖြစ်ပေါ်ခဲ့သဖြင့် စမုံရေငုပ်ပြွန်အား နေရာပြောင်းရွှေ့၍ အသစ်ပြန်လည်တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရေပေးရာသီမတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကာ လုပ်ငန်းများပြီးစီးပါက ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေများသို့ စိုက်ပျိုးရေ အပြည့်အဝ ပြန်လည်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းများသို့ မြေပဲမျိုးနှင့် သွင်းအားစုများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်




**နေပြည်တော် ဇန်နဝါရီ ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် ကျိုက်ကေလာသကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်း တစ်မိုင်နှင့် Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှု၊ စိုက်ပျိုးမြေဧက ၃၅၀ ကိုအကျိုးပြုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကော့ပရံ-ကော့မလောက်ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင် ငါးဖာလုံ အနက် တစ်မိုင် တစ်ဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျန်ရှိနေသည့် လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ သင်တန်းသူဦးရေ ပိုမိုရရှိရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ ရက်ကန်းလက်ရာများ အဆင့်အတန်း မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ လက်ရက်ကန်းခြောက်လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်တစ်နှစ်သင်တန်းတက်ရောက်နေသော သင်တန်းသူ ၁၁ ဦး၏ လက်တွေ့သင်ယူနေမှု၊ ရက်ကန်းလက်ရာထည်များနှင့် လေ့ကျင့်ပျိုးထောင်ရေးစင်တာတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့ သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည့် မြေပဲစိုက်သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့် အသင်းသားတောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်တိုးရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းသားတောင်သူများ လိုအပ်သည့်အထွက်တိုးမျိုးနှင့် သွင်းအားစုများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သီးနှံပေါ်ပေးစနစ်ဖြင့် ထောက်ပံ့ပေးလျက်ရှိသဖြင့် အသင်းသားတောင်သူများက ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မြေပဲစိုက်ပျိုးမည့် သမဝါယမအသင်း ငါးသင်းမှ အသင်းသားတောင်သူများအတွက် အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပေးအပ်ရာ အသင်းသားတောင်သူများကိုယ်စား သာယာကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘားအံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး မိသားစုဝင်ငွေ တိုးပွားရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာန လေးခုမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ်အတွင်းမှ ရသဝေါကျေးရွာနှင့် ကော့တာကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်မှ အဝဲဝကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ စီ ပေးအပ်ရာ ကျေးရွာကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်နယ် ဦးစီးမှူးများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုပြခန်း ၁၅ ခန်း ပါဝင်ပြသသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခြောက်ရက်တာ ကျင်းပသွားမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုပြခန်း ၁၅ ခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြခန်းများအပြင် ဝန်ကြီးဌာနပြခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ စသည်ဖြင့် ပြခန်း စုစုပေါင်း ၁၂၄ ခန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်ပြီး လုပ်ငန်းကော်မတီ ၁၁ ခုတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များ စနစ်တကျ အချိန်မီပြီးစီးရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ပါဝင်မည့် ပြခန်းများတွင် MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အသေးစားထုတ်ကုန်များ (Micro Enterprises)၊ အငယ်စားထုတ်ကုန်များ (Small Enterprises)၊ အလတ်စားထုတ်ကုန်များ (Medium Enterprises)၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည်စသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်များ၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်နှင့် ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)ထုတ်ကုန်များကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အတူ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် ထင်ရှားလူကြိုက်များသည့် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချပေးမည့်အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့ ထီးသိမ်ဘူတာရှိ View Point ရှုခင်းသာဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၃၁**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ တောင်ကြီးဂေါက်ကလပ်ကွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုဆိုဝါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဝါးစိုက်ပျိုးမည့်အကြောင်းများနှင့် ဝါးစိုက်ပျိုးရေးစီမံကိန်းအဆိုပြုချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သည်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း ဆောင်ရွက်သင့်ကြောင်း၊ ခါတော်မီပင်များ စိုက်ပျိုး ဆောင်ရွက်သကဲ့သို့ ကော်ဖီပင်များကိုလည်း ထည့်သွင်းစိုက်ပျိုး ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသဝါးများကိုလည်း ကုန်ချော ထုတ်လုပ်ရာတွင် ထည့်သွင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါ မိုဆိုဝါးစိုက်ပျိုးရခြင်း ရည်ရွယ်ချက်မှာ အေးသာယာမြို့ နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်း၏ ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ပြီး သာယာလှပသော ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ခြင်းဖြင့် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ဝါးကိုတန်ဖိုးမြှင့် ကုန်ချောများအဖြစ် ထုတ်လုပ်ကာ နိုင်ငံခြားဝင်ငွေရရှိစေရန်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ထီးသိမ်ဘူတာ ViewPoint ရှုခင်းသာလုပ်ငန်း ဆောင်ရွက်နေမှု၊ View Point အဝင် ကွန်ကရစ်လမ်းပြီးစီးမှုနှင့် အလှပန်းပင်များ စိုက်ပျိုးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် အသားကဏ္ဍတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အသားကဏ္ဍ တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ အလုံပိတ်အအေးခန်းစနစ်ဖြင့် မွေးမြူသည့် အသားတိုးဝက် မွေးမြူရေးခြံသို့ သွားရောက် စစ်ဆေးသည်။

ဦးစွာ မွေးမြူရေးတာဝန်ခံက Closed house type and evaporated cooling system (အလုံပိတ်အအေးစနစ်) ဖြင့် အသားတိုးဝက်ကောင်ရေ ၃၆၁၁ ကောင် မွေးမြူထားရှိမှု၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးများသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဇီဝလုံခြုံရေး အလေးထားဆောင်ရွက်ကြရန်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေးနှင့် ကာကွယ်ဆေးများ စနစ်တကျထိုးနှံကြရန် မှာကြားပြီး အလုံပိတ်အအေးစနစ်ဖြင့် အသားတိုးဝက်များ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာရှိ ရာဇာနိုင်မွေးမြူရေးအကျိုးဆောင်လုပ်ငန်း၊ အသားတိုးကြက်မွေးမြူရေးခြံသို့ရောက်ရှိရာ တာဝန်ရှိသူများက အသားတိုးကြက်အကောင်ရေ ၂၇၀၀၀ မွေးမြူထားရှိမှုနှင့် အသားတိုးနွား ၈၄ ကောင် မွေးမြူထားရှိမှု၊ ဒေသတွင်းဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် အသားတိုးကြက်မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးပြီး မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် ဒေသနေမွေးမြူရေးတောင်သူများအား လက်တွဲခေါ်ယူကြရန် မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာ ဒို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၏ အသားတိုးနွားမွေးမြူရေးခြံတွင် ခြံတာဝန်ခံက လက်ရှိနွားအကောင်ရေ ၄၇၃ ကောင် မွေးမြူထားပြီး စီမံကိန်းပြီးစီးပါက နွားအကောင်ရေ ၅၀၀၀ မွေးမြူနိုင်ရေး ဆောင်ရွက်နေမှု၊ နွားစာမြက်စိုက်ပျိုးထားရှိမှုနှင့် စားကျက်စိုက်ခင်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန်လိုအပ်ကြောင်း၊ အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှုအပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားပြီး အသားတိုးနွား မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရေး ပြခန်း နေရာချထားရေးနှင့် ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးသည် ပြခန်းများတည်ဆောက်ပြီးစီးမှုများကို သွားရောက်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကုမ္ပဏီပြခန်းများ နေရာချထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အချိန်အတွင်း ပြီးစီးနိုင်ရေးနှင့် နေရာချထားမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဂုဏ်ပြုဆောင်းပါး

# ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများထိန်းသိမ်းစို့

***သစ်တောမောင်***




**ကမ္ဘာ့ရေဝပ်ဒေသများနေ့**

နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့သည် ကမ္ဘာ့ရေဝပ်ဒေသများနေ့ **(World Wetlands Day)**ဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် ချမှတ်ခဲ့သော အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် "ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)" ၏ နှစ်ပတ်လည်နေ့လည်းဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၁ နိုင်ငံရှိပြီး ရေဝပ်ဒေသထိန်းသိမ်းရေး အရှိန်အဟုန် မြှင့်တင်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားများကို ကျင်းပကြပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ဆောင်ပုဒ်မှာ **"ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ ထိန်းသိမ်းစို့"** (Wetlands and traditional knowledge: Celebrating cultural heritage) ဟူ၍ သတ်မှတ်ထားသည်။ ရေဝပ်ဒေသထိန်းသိမ်းရေးတွင် ခေတ်မီနည်းပညာများအပြင် ဒေသခံပြည်သူများ၏ အစဉ်အဆက် လက်ဆင့်ကမ်းလာသည့် ရိုးရာအသိပညာ၊ ယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း အသိအမှတ်ပြုလေးစားပြီး ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်မှု၌ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်သည်သာမက ရိုးရာယဉ်ကျေးမှုများကိုပါ မြှင့်တင်ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း အလေးပေး ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

> **ရေဝပ်ဒေသများနှင့် ဒေသခံများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအသိပညာ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် ရာစုနှစ်ပေါင်းများစွာကတည်းက ဒွန်တွဲတည်ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသများနှင့် ဒေသခံရိုးရာအသိပညာဆက်စပ်မှုများကို ကြည့်မည်ဆိုပါက ရှမ်းပြည်နယ်ရှိ အင်းလေးကန်ရေဝပ်ဒေသ၌ တွေ့ရှိရသော ရိုးရာစိုက်ပျိုးနည်းစနစ်ဖြစ်သည့် ကျွန်းမျောစိုက်ပျိုးရေးသည် ရေဝပ်ဒေသ၏မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို ထိရောက်စွာ အသုံးပြုလျက်ရှိသည့် သာဓကတစ်ခုဖြစ်**

**မြန်မာနိုင်ငံ၏ နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများ**

အမြဲတမ်း(သို့မဟုတ်)ရာသီအလိုက် ရေလွှမ်းမိုးနေသော မြေဧရိယာများကို ရေဝပ်ဒေသများဟု ခေါ်ဆိုနိုင်ပြီး ၎င်းရေဝပ်ဒေသများသည် သဘာဝဂေဟစနစ်တစ်ခုအဖြစ် တည်ရှိနေရုံသာမက လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ ရိုးရာအသိပညာနှင့် ပေါင်းစပ်နေသည့်နယ်မြေများ ဖြစ်ပါသည်။

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါသည့် အလျောက် တစ်ကမ္ဘာလုံးအဆင့်အနေဖြင့် ရေဝပ်ဒေသများကိုဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် "ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)" ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar)၌ ဖွဲ့စည်းခဲ့ပါသည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် (သို့မဟုတ်) သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသ၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကိုပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသ၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့် အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသ အစရှိသည့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ရေဝပ်ဒေသများကို နိုင်ငံတကာက အသိအမှတ်ပြုပြီး **ရမ်ဆာရေဝပ်ဒေသများ**အဖြစ် အမည်ခေါ်တွင်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ယနေ့အထိ နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသ ခုနစ်ခု [မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၆)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၇)၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) (၂၀၁၇) နှင့် တိုးချဲ့အပိုင်း (၂၀၂၀)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ (၂၀၂၀)၊ ပြူကန် (၂၀၂၄)] ကို ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority)အဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ**

ရေဝပ်ဒေသများနှင့် ဒေသခံများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအသိပညာ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် ရာစုနှစ်ပေါင်းများစွာကတည်းက ဒွန်တွဲတည်ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသများနှင့် ဒေသခံရိုးရာအသိပညာဆက်စပ်မှုများကို ကြည့်မည်ဆိုပါက ရှမ်းပြည်နယ်ရှိ အင်းလေးကန်ရေဝပ်ဒေသ၌ တွေ့ရှိရသော ရိုးရာစိုက်ပျိုးနည်းစနစ်ဖြစ်သည့် ကျွန်းမျောစိုက်ပျိုးရေးသည် ရေဝပ်ဒေသ၏မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို ထိရောက်စွာ အသုံးပြုလျက်ရှိသည့် သာဓကတစ်ခုဖြစ်ပါသည်။ အင်းသူ အင်းသားတို့၏ ခြေတစ်ချောင်းထောက်၍ လှေလှော်ခြင်းသည် ထူးခြားသည့် ရိုးရာအစဉ်အလာတစ်ခုဖြစ်သည်။

အင်းသူ အင်းသားတို့၏ ရိုးရာငါးဖမ်းကိရိယာများသည် အရွယ်ရောက်ပြီးသော ငါးများကိုသာ ရွေးချယ်ဖမ်းဆီးနိုင်သည့် ရိုးရာပိုက်များ၊ မျောပိုက်များနှင့် မြှုံးများကို အသုံးပြုခြင်းဖြင့် ငါးမျိုးသုဉ်းမှုကို လျော့ပါးစေခြင်း၊ ကန်အတွင်းမှ ရေညှိရေမှော်များ ဆယ်ယူကာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုသည် ကန်အတွင်းသန့်စင်စေခြင်း၊ ငှက်များ ဥဥချိန် (သို့မဟုတ်) ငါးများသားပေါက်ချိန်တွင် ရေဝပ်ဒေသအတွင်း ဝင်ရောက်ခြင်းကို ကန့်သတ်သည့် ရိုးရာထုံးတမ်းများ၊ ရေဝပ်ဒေသများတွင် ပေါက်ရောက်သော ဆေးဖက်ဝင်အပင်များအသုံးပြုမှုကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးခဲ့ကြပါသည်။

မိုးယွန်းကြီးအင်းသည်လည်း ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေထိုင်ကျက်စားရာ ဒေသအဖြစ် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ဒေသခံတို့၏ လူမှုစီးပွားကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။ ဒေသခံများက မိုးယွန်းကြီးအင်းက ထောက်ပံ့ပေးလျက်ရှိသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ထွက်ကုန်ပစ္စည်းများကို ရေးယခင်ကပင် အကျိုးရှိစွာ အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မိုးယွန်းကြီးအင်း ရေဝပ်ဒေသဝန်းကျင်ရှိ ဒေသခံများအနေဖြင့် ကြာပန်းများကို ဘုရားပန်းအဖြစ်ရောင်းချခြင်း၊ ကြာခွက်၊ ကြာစွယ် ခူးယူရောင်းချခြင်းတို့သာ လုပ်ကိုင်ကြရာမှ ကြာချည်ထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း ရမ်ဆာရေဝပ်ဒေသဝန်းကျင်ရှိ ဒေသခံများသည် ဒီရေတောများ၏အရေးပါမှုကို သိရှိနားလည်ကာ "ဒီရေတောများက မုန်တိုင်းဒဏ်ကို ကာကွယ်ပေးသည်" ဆိုသည့်အသိသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးသည့်နောက် ဒေသခံများအကြားတွင် ရိုးရာအသိတစ်ခုကဲ့သို့ ပိုမိုစွဲမြဲလာခဲ့ပြီး ဒီရေတောများ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ပူးပေါင်းပါဝင်လျက်ရှိပါသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်သည်လည်း နိုင်ငံတကာအသိအမှတ်ပြုမှု များစွာရှိသည့် မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုကန်ကြီးတစ်ခုဖြစ်ပါသည်။ အင်းတော်ကြီးဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များသည် အင်းတော်ကြီး ရေဝပ်ဒေသဂေဟစနစ်ကို ထိန်းသိမ်းရာတွင် အထောက်အကူပြုလျက်ရှိသကဲ့သို့ **"တောတောင်ရှိမှ ရေရှိမည်"** ဆိုသည့် ရိုးရာအသိအမြင်နှင့် သစ်တောများကိုလည်း ထိန်းသိမ်းကာကွယ်ကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်များကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အထောက်အကူပြုလျက်ရှိပါသည်။

**ဆောင်းခိုငှက်များ**

ဆောင်းခိုငှက်များဆိုသည်မှာ ရာသီဥတုအခြေအနေ၊ အစာရေစာရှားပါးမှုနှင့် မျိုးပွားရန် ပတ်ဝန်းကျင်ကောင်းများ ရှာဖွေရန်အတွက် နေရာတစ်ခုမှ တစ်ခုသို့ ရာသီအလိုက် အုပ်စုလိုက် ရွှေ့ပြောင်းသွားလာတတ်သောငှက်များကို ခေါ်ခြင်းဖြစ်ပါသည်။ ငှက်များဆောင်းခိုရခြင်း၏ အဓိကအကြောင်းရင်းမှာ ရှင်သန်ရပ်တည်ရေးအတွက် ဖြစ်ပါသည်။ ဥပမာ ရာသီဥတုဆိုးရွားပြင်းထန်သည့် ဆောင်းရာသီတွင် အလွန်အေးသောဒေသများမှ နွေးထွေးသောဒေသများသို့ ရွှေ့ပြောင်းကြသည်။ ရေခဲပြီး အပင်များ ခြောက်သွေ့သွားသည့်အခါ အစာရှာရခက်ခဲလာသဖြင့် အစာပေါများသောနေရာသို့ သွားကြသည်။ မျိုးပွားခြင်းလုပ်ငန်းစဉ်အတွက် ဥဥရန်နှင့် သားပေါက်ရန် ဘေးကင်းပြီးသင့်တော်သော ပတ်ဝန်းကျင်ကို ရှာဖွေခြင်းဖြစ်သည်။

ငှက်များသည် မိုင်ပေါင်းထောင်ချီသောခရီးကို အံ့သြဖွယ်ကောင်းသော နည်းလမ်းများဖြင့် ဖြတ်သန်းကြသည်။ နေ၊ လ၊ ကြယ်များ၏ အနေအထားနှင့် ကမ္ဘာ့သံလိုက်စက်ကွင်း (Magnetic Field)ကို အသုံးပြု၍ လမ်းကြောင်းရှာဖွေကြသည်။ မြစ်များ၊ တောင်တန်းများနှင့် ကမ်းရိုးတန်းများကို လမ်းညွှန်အမှတ်အသားများ၊ မှတ်တိုင်များအဖြစ် မှတ်သားထားတတ်ကြသည်။ အများအားဖြင့် 'V' ပုံစံ အုပ်စုလိုက်ပျံသန်းကြသည်။ ထိုသို့ ပျံသန်းခြင်းဖြင့် လေတိုးအားကို လျှော့ချနိုင်ပြီး ခွန်အားချွေတာနိုင်ကာ ခရီးဝေးကို ပျံသန်းနိုင်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆောင်းခိုငှက် ပျံသန်းရာ လမ်းကြောင်းကြီး ကိုးခုအနက် အာရှအလယ်ပိုင်းလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှ-ဩစတြေးလျလမ်းကြောင်း (East Asian–Australasian Flyway) ပေါ်တွင် တည်ရှိသည်။ ဆောင်းခိုငှက်များသည် ဂေဟစနစ်မျှခြေကို ထိန်းညှိပေးရုံသာမက သဘာဝပတ်ဝန်းကျင် အခြေအနေကိုပြသသော ပြဒါးတိုင်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ဆောင်းခိုငှက်များ နားခိုရာ စိမ့်မြေများနှင့် အင်းအိုင်များ တစ်နည်းအားဖြင့် ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီးပါသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ကျရောက်ကျက်စားကြပါသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature: IUCN) ၏ အနီရောင်အဆင့် (Red list) စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီး အန္တရာယ်ရှိနေသောမျိုးစိတ် (Critically Endan-gered:CR)ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon- billed Sandpiper)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered: EN) ဖြစ်သည့် နော်မန်ခြေစိမ်း (Nordmann's Green-shank)၊ နေ့ (Great Knot)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ်ဖြစ်သည့် အမြီးနက်ဂေါ့ဒွစ်(Black-tailed Godwit) များသည် မုတ္တမပင်လယ်ကွေ့ဒေသ၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရပါသည်။ **စာမျက်နှာ ၇ သို့** ○

# ရွှေတိဂုံစေတီတော်နှင့် မဟာဝိဇယစေတီတော်တို့၌ မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေတိဂုံစေတီတော်နှင့် မဟာဝိဇယစေတီတော် တို့၌ မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်နှင့် ထမနဲထိုး ပြိုင်ပွဲဖွင့်ပွဲများကို ယနေ့ညနေပိုင်းတွင် အဆိုပါ စေတီတော်များရှိ သတ်မှတ်နေရာများ၌ ကျင်းပကြ သည်။



ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် (၁၈)ကြိမ် မြောက် မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲဖွင့်ပွဲကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ထန်းပင်ကုန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲထိုး ပြိုင်နှင့် ထမနဲလှူဒါန်းပွဲတော်ကျင်းပရေး ဗဟို ကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဦးကျော်ဖေယျ က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ထမနဲလှူဒါန်းပွဲတော်ကျင်းပရေး ဗဟို ကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက ထမနဲထိုး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထမနဲ ထိုးပြိုင်ပွဲဝင်အသင်းများအတွက် ဂုဏ်ပြုငွေများကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များထံ ပေးအပ် လှူဒါန်းပြီး ပြိုင်ပွဲဝင်အသင်းပေါင်း(၃၆)သင်း၏ ထမနဲယှဉ်ပြိုင်ထိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပထမဆုငွေကျပ် ၁၂ သိန်း၊ ဒုတိယဆုငွေကျပ် ၉ သိန်း၊ တတိယဆု ငွေကျပ် ၈ သိန်း၊ စတုတ္ထဆု ငွေကျပ် ၆ သိန်း၊ ပဉ္စမဆု ငွေကျပ် ၅ သိန်း၊ နှစ်သိမ့်ဆုသုံးဆု အတွက် ဆုငွေကျပ်သုံးသိန်းစီနှင့် ဆုအသီးသီးအတွက် ဆုကလပ်တစ်ခုစီတို့ကို ဂေါပကအဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ကြသည်။

ယခုပြိုင်ပွဲမှရရှိလာသည့် ထမနဲများကို ဘုရား အမှူးပြုသော သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ ဘုရားအမှူးပြုသော သံဃာတော်များ အား ထမနဲဆွမ်းတော်ကြီး လောင်းလှူခြင်း၊ ခုနစ်ရက် သားသမီးများအား ဝေငှကုသိုလ်ပြုခြင်းတို့ ပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မဟာဝိဇယစေတီတော်၏ (၃၉)ကြိမ် မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် ထမနဲထိုးပြိုင်ပွဲဖွင့်ပွဲကို အဆိုပါစေတီတော်ဝင်း ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် နှင့် ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထမနဲထိုးပြိုင်ပွဲဝင်အသင်းများအတွက် ဂုဏ်ပြုငွေများ ကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များထံ ပေးအပ် လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုယ်စားပြုအသင်းပေါင်း (၁၅)သင်း၏ ယှဉ်ပြိုင်မှု ကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်-MNA**

## မွန်ပြည်နယ် မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥပဒေအသိပညာပေး ဟောပြော



မော်လမြိုင် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥပဒေအသိ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေသဘော တရားအကြောင်း သိကောင်းစရာ များ ( Legal Concept )၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့ စစ်မှုထမ်းဥပဒေ၊ ဆက်သွယ်ရေး ဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေစသည့် အများ ပြည်သူ အကျွမ်းတဝင် သိရှိ မှတ်သား ထားသင့်သည်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ဌာန ဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည် များ မေးမြန်းကြရာ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိ တို့က ပြန်လည်ရှင်းလင်းဖြေကြား သည်။

ယင်းနောက် ပြည်နယ်ဥပဒေချုပ် က မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်တွင် ထားရှိနိုင်ရေး အတွက် နိုင်ငံတော်က ထုတ်ပြန် ထားသော ဥပဒေ ၂၂၅ ခု အားလည်း ကောင်း၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ လေ့လာ အသုံးပြုနိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေး ဥပဒေစာအုပ် ၄၅ ကို လည်း ကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## အင်္ဂပူမြို့၌ မီးလောင်မှုမဖြစ်ပေါ်စေရေး အသိပေးနှိုးဆော်

အင်္ဂပူ ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယမန်နေ့ ညပိုင်း တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဌာနဆိုင်ရာ အဆောက်အအုံ များ၊ လူနေအိမ်နှင့် ဈေးဆိုင်များတွင် လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းထားရှိရန်၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်များနှင့် အရေးပေါ် မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးများထားရှိရန် လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

❍ စာမျက်နှာ ၆ မှ

မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော မျိုးစိတ် (CR) ဖြစ်သည့် ပို့ချပ်ခေါင်းစိမ်း (Baer’s Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (Vulnerable:VU) ဖြစ်သည့် ပို့ချပ်ဘဲ (Common Pochard)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် (Near Threatened:NT) ဖြစ်သည့် ဘဲနီစပ် (Ferruginous Pochard)၊ ခရုစုတ်ခေါင်းမည်း(Black-headed Ibis)၊ နှုတ်သီး ကောက်ကြီး (Eurasian Curlew)၊ ဘဲတောင်ရှည် (Falcated Duck) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (VU) ဖြစ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ် (NT) ဖြစ်သည့် ငှက်ကြီးဝန်ပို (Spot-billed Pelican)၊ ဥပန်း (Oriental Darter) မျိုးစိတ်များကို အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရ ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ငှက်စာရင်းကောက်ယူမှုများ အရ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော တွင် ငှက်မျိုးစိတ် ၁၅၁ မျိုး၊ ကောင်ရေ ၉၅၄၁၇ ကောင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောတွင် ငှက်မျိုးစိတ် ၁၄၁ မျိုး၊ ကောင်ရေ ၇၈၃၄၆ ကောင်၊ မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၅၃ မျိုး၊ ကောင်ရေ ၁၂၃၅၁၆ ကောင်၊ မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၀၇ မျိုး၊ ကောင်ရေ ၁၀၆၀၆ ကောင် မှတ်တမ်းတင်နိုင်ခဲ့ပါ သည်။

### မြန်မာ့ဒေသမျိုးရင်း ငှက်မျိုးစိတ်များနှင့် ရေပျော်ငှက်မျိုးစိတ်များ

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မတွေ့ရှိရ ဘဲ မြန်မာတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိနိုင်သော ဒေသရင်း ငှက်မျိုးစိတ် ၁၃ မျိုးရှိပြီး ၎င်းဒေသရင်း ငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၁၁၄၆ မျိုးခန့်ကို မှတ်တမ်းတင်ထားပါသည်။ မြန်မာနိုင်ငံ ၌ တွေ့ရှိမှတ်တမ်းတင်ထားသည့် ရေပျော်ငှက်အမျိုး အစား ၂၀၆ မျိုးခန့် ရှိပါသည်။

ဒေသမျိုးရင်းငှက်များမှာ မြန်မာဘီလုံးငှက် (Burmese Bushlark)၊ ချိုးလင်းပြာ (Burmese Collard Dove)၊ ငှက်လက်မမြီးရှည်ညို (Burmese Prinia cooki)၊ မြန်မာတစ် (Burmese Tit)၊ ဧရာ ဝတီဗွတ်စာမွဲ (Streak eared Bulbul/ Ayeyar-waddy Bulbul)၊ ဗွတ်လည်ဖြူ (Grey-crowned Bulbul)၊ ဗွတ်မျက်ကွင်းဖြူ (Pale-eyed Bulbul)၊ နဖားကြူး (Hooded Treepie)၊ ဧရာဝတီငှက်ဆတ်နီ (Irrawaddy Broadbill)၊ ငှက်မင်းသားဗိုက်ဖြူ (White-bellied Minivet/ Jerdon’s Minivet)၊ နောင်မွန်းငှက်ညိုနှုတ်သီးကောက် (Naung Mung Wren-babbler)၊ မျက်ခုံးဖြူငှက်ပြာခြောက် (White- browed Nuthatch)နှင့် ဇွေ့ (White-throated Babbler) တို့ ဖြစ်ပါသည်။

### ရေဝပ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု

ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဆက်စပ်လျက် ရှိသည့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် ရေဝပ်ဒေသ ဂေဟစနစ်များသည် သဘာဝအခြေခံခရီးသွား လုပ်ငန်းနှင့် အပန်းဖြေလုပ်ငန်းစသည့် အလုပ် အကိုင်များကို ဖန်တီးပေးလျက်ရှိပါသည်။ ငှက် အခြေပြု ခရီးသွားလုပ်ငန်း (Bird Watching Tourism) သည် အများအားဖြင့် ရေဝပ်ဒေသများကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း တစ်ခု ဖြစ်ပါသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါဒေသအတွင်း နယ်မြေ ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ၂၂ ဦးနှင့်အတူ All-in-one ကွန်ပျူတာ ၁၅ လုံး၊ laptop ခြောက်လုံးနှင့် starlink နှစ်လုံးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးနှင့်အတူ အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုး၊ သက်ငယ်ကာ ယာယီတဲ တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀ ရှိ မိုးကာစမိုး၊ သက်ငယ်ကာ ယာယီတဲတစ်လုံး၊ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ အလုပ်ရုံ တစ်လုံး၊ အလျား ပေ ၈၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ ပလတ်စတစ်ကာ အလုပ်ရုံတစ်လုံး၊ အလျားပေ ၅၀၊ အနံ ပေ ၅၀ ရှိ သွပ်မိုး၊ အထပ်သားကာ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုး၊ အထပ်သားကာ ထမင်းစားဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အထပ်သားကာ လူနေအိပ်ဆောင် သုံးလုံး၊ အလျား ပေ ၃၀၊ အနံပေ ၂၀ ရှိ သွပ်မိုး၊ အထပ်သားကာ လူနေအိပ်ဆောင် တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုး မီးစက်တဲ တစ်လုံး၊ All-in-one ကွန်ပျူတာ အလုံး ၈၀၊ starlink ဗန်း ၁၁ လုံးနှင့် မီးစက်ကြီး နှစ်လုံးတို့ကို လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါ ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်သူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသားငါးဦးကို လည်းကောင်း ထပ်မံတွေ့ရှိဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။




ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်နေသူများ၊ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့်နေရာပြပုံ။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏တောင်ဘက် မီတာ ၅၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ကာလိမြို့ ကျိုင်းလွန်းကျေးရွာအုပ်စု ဝမ်နမ့်မင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## မြဝတီမြို့၌ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်စေရေး အသိပညာပေးဟောပြော

မြဝတီ ဇန်နဝါရီ ၃၁

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်စေရန် ရည်ရွယ်၍ ယမန်နေ့က အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်ဈေး ဓမ္မာရုံ၌ အွန်လိုင်းလိမ်လည်မှု နှိမ်နင်းရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဝင်များ ပူးပေါင်းကာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။



အရေးယူ ဆောင်ရွက်လျက်ရှိ

ဟောပြောပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၂) ဦးစိန်သောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဝင်းနိုင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်၊ ရဲတပ်ဖွဲ့ ဒုတိယရဲမှူး သက်ဇော်ထွန်း၊ မြို့နယ်ဥပဒေ ဒုတိယမြို့နယ်မှူး ဦးထူးထက်အောင်၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် ရောင်းဝယ်မှုကို ဟန့်တားနိုင်စေရေးအတွက် အွန်လိုင်း ရောင်းဝယ်မှုမှန်သမျှ မှတ်ပုံတင်ရန် လိုအပ်သည့်အချက်များ၊ ဥပဒေနှင့် မလွတ်ကင်းသည့် အွန်လိုင်း လိမ်လည်မှုအပေါ် အရေးယူ ဆောင်ရွက်လျက်ရှိသည့် ဖြစ်စဉ်များကို ဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ပြည်သူများကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယရဲမှူး သက်ဇော်ထွန်းက အွန်လိုင်းလိမ်လည်မှု လုပ်ငန်းပပျောက်ရေး ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

■



## ဘားအံတက္ကသိုလ်၌ အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ဘားအံ ဇန်နဝါရီ ၃၁

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ အကြမ်းဖက်မှု ကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာလှိုင်အောင်ထွန်းက အကြမ်းဖက်မှု၏ အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားပြီး အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**

○ မြန်မာအမျိုးသမီးမှ

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က ဂိုးမရှိသရေ၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ဂိုးမရှိသရေကျခဲ့သည်။ ရောဝတီအသင်းသည် ချန်ပီယံဆုအတွက် လိုအပ်နေသည့် သရေတစ်မှတ်ရယူပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်သဖြင့် မြန်မာအမျိုးသမီးလိဂ်တွင် ချန်ပီယံအသင်းသစ်ထွက်ပေါ်ပြီး မြဝတီနှင့် အား/ကာသိပ္ပံအသင်းပြီးနောက် တတိယမြောက် ချန်ပီယံဆုရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အနိုင်ရမှ ချန်ပီယံဆုကာကွယ်နိုင်မည်ဖြစ်သောကြောင့် ကြိုးပမ်းခဲ့သော်လည်း သရေကျသဖြင့် ချန်ပီယံဆုလက်လွှတ်ခဲ့ရသည်။

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာမူ မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရောဝတီအသင်းမှာမူ ခံစစ်အမှားအယွင်းမရှိစေရန် အားပြုခဲ့ပြီး ချန်ပီယံဆုအတွက် လိုအပ်နေသည့် သရေတစ်မှတ်ရယူခဲ့ခြင်းဖြစ်သည်။

ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းပွဲ



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည့် ရောဝတီအသင်းအား ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရရှိသည့် ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး ဇင်မိုးပြည့်အား ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၃၀၊ တတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၂၀၀၊ ဒုတိယဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၀၊ ပထမဆုရရောဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၅၀၀ နှင့် ချန်ပီယံဆုဖလားကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီး ရောဝတီအသင်းက ၁၆ ပွဲ ကစား ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ ရှုံးပွဲမရှိ ရမှတ် ၄၀ ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး အား/ကာသိပ္ပံအသင်းက ၃၇ မှတ်ဖြင့် ဒုတိယ၊ သစ္စာအားမာန်အသင်းက ၃၄ မှတ်ဖြင့် တတိယရရှိကာ ယင်းသုံးသင်းနောက်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်၊ YREO အသင်းက ၁၂ မှတ်၊ Young Lionesses အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ ရန်ကုန်စီးတီးအသင်းက တစ်မှတ် ရရှိသည်။

သတင်း-ကိုညီလေး၊ဓာတ်ပုံ- စိုးညွန့်သော်

◆ ဝဏ္ဏသိဒ္ဓိမှ

Ground Beam & Tie Beam ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပြတင်းတံခါးများ၊ Light Partition များနှင့် Tempered Glass Curtain Wall များ၊ ကြမ်းခင်း Topping နှင့် ကြွေပြားများ ခွာထုတ်၍ အသစ်ပြန်လည်တပ်ဆင်ပြီးစီးမှု၊ မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းရန်အတွက် ရေမစိမ့်သည့်အလွှာခင်းကျင်း၍ Synthetic ရော်ဘာပြေးလမ်းပြန်လည်စတင်ခင်းကျင်းနေမှုများနှင့် သတ်မှတ်ရာခိုင်နှုန်း အချိုးအစားအတိုင်း ခင်းကျင်းနိုင်ရန်အတွက် ရော်ဘာနှင့် ဆေးပစ္စည်း ဝယ်ယူထားရှိမှုတို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်/စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစေရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A နှင့် B) တို့ရှိ အားကစားရုံပတ်လည် အတွင်းဘက်အုတ်နံရံများ၊ လျှောက်လမ်းကြွေပြားများ၊ ပွဲကြည့်စင်၊ ရေလိုင်း၊ မီးလိုင်းနှင့် အဲယားကွန်းပိုက်လိုင်း ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားကစားပြိုင်ပွဲများနှင့် အခမ်းအနားများကို ပြန်လည်ကျင်းပနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး စိစစ်ကြပ်မတ်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိရေကူးကန်သို့ သွားရောက်၍ ပွဲကြည့်စင် အပေါ်ဘက်နံရံ၊ ပြိုင်ပွဲကန်နှင့် ဒိုင်ဗင်ကန်တို့ကို ရေဖြည့်၍ ရေသန့်စင်ထားရှိမှု အခြေအနေ၊ ရေလိုင်းမီးလိုင်းများ ကောင်းမွန်စေရေး၊ ပြိုင်ပွဲကန်နှင့် လေ့ကျင့်ရေး ရေကူးကန်သို့ ရေတင်ခြင်း၊ ရေစုပ်ယူသည့် ရေပိုက်လိုင်းသွယ်တန်းထားရှိမှု၊ ရေကူးကန်ရေသန့်စင်မှုနှင့် ရေကြည်လင်မှုရှိစေရန် သတ်မှတ်အချိုးအစားအတိုင်း ဆေးခပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းပိတ်သည့် ကာလတွင် နွေရာသီ ရေကူးသင်တန်းများ ပြန်လည်ဖွင့်လှစ် သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည်များကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရန်နှင့် ရေကူးကန်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ဂရုစိုက်ဆောင်ရွက်ပေးသွားရန်၊ အဆောက်အအုံများ ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်စေရေး၊ သတ်မှတ် စံချိန် / စံညွှန်းအတိုင်း အရည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် ဝိုင်းဝန်းစိစစ်၍ ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိတ္ထီလာတက္ကသိုလ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၃၁

မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ထမနဲထိုးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် မိတ္ထီလာတက္ကသိုလ်မိသားစုထမနဲထိုးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ပြိုင်ပွဲတွင် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် ရုက္ခဗေဒ၊ သင်တန်းရေးရာဌာန၊ ရူပဗေဒ၊ မြန်မာစာ၊ ဒဿနိကဗေဒ၊ ပထဝီဝင်၊ သတ္တဗေဒ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ၊ အင်္ဂလိပ်စာ၊ ဘူမိဗေဒ၊ သမိုင်း၊ စီမံ/ဘဏ္ဍာဌာန၊ သင်္ချာနှင့် ဓာတုဗေဒပြိုင်ပွဲဝင်အသင်း ၁၅ သင်း၏ ပါဝင်ယှဉ်ပြိုင်မှုကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ပထမဆုရ စီမံ/ဘဏ္ဍာဌာန၊ ဒုတိယဆု ဓာတုဗေဒဌာန ၊ တတိယဆုရသင်္ချာဌာနတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ချမ်းသာ(မိတ္ထီလာ)

## အုတ်တွင်းမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းကမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးအောင်ဆန်းဦးက နှမ်းစပါး၊ ပဲစိုက်တောင်သူများအား စိုက်ပျိုးရေးရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နှမ်းစပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကျိုးရှိစွာ ဆောင်ရွက်ရန်၊ တောင်သူများ သီးနှံများစိုက်ပျိုးရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုမြင့်မားရသည့်အကြောင်းအရင်း ပါအချက်(၆) ချက်၊ ပိုးသတ်ဆေးကို စနစ်တကျအန္တရာယ်ကင်းစွာ ကိုင်တွယ်သုံးစွဲနည်းပညာများနှင့် နွားကျင်ငယ်ရည် ပက်ဖျန်းအသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။



ဆွေးနွေးပွဲ တက်ရောက်သည့် သင်တန်းသား သင်တန်းသူ ၅၀ အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပျိုးပင်များ၊ ရွက်ဖျန်းအားဆေး၊ ပိုးသတ်ဆေးများနှင့် စိုက်ပျိုးရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ဇီးကုန်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ပိုမိုမြင့်မားစေရေးဆွေးနွေး



ဇီးကုန်း ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် လွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်း ပိုမိုဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ မွန်ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အမုန်းစကားနှင့် အကြမ်းဖက်မှု ဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားသည့် ဆရာ၊ ဆရာမ ခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးက အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူငယ်ရေးရာမူဝါဒ၊ လူမှုရေးပင်စင်ဆိုင်ရာ ကိစ္စရပ်များ၊ မော်လမြိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးက နိုင်ငံသားအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အမည်ရှေ့တွင် ဝိသေသရှေ့ဆောင်စကားလုံးများ ပါဝင်ရေးသွင်းနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိက မီးခိုးမြူငွေ့နှင့် Fire Hotspot ဖြစ်ပေါ်မှုများ လျှော့ချရေး ပူးပေါင်းကူညီဆောင်ရွက် အသိပညာပေးခြင်းနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် စစ်တမ်းကောက်ယူခဲ့ရာ တက်ရောက်လာသည့် ဒေသခံပြည်သူ ၆၀ တို့က စစ်တမ်းမေးခွန်း ၂၄ ခုကို ဖြေဆိုခဲ့ပြီး ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဒိုက်ဦးမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး

**ဒိုက်ဦး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးမိုးအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်သန်းမြိုင်က မြို့နယ်အဆင့်ဆောင်ရွက်နေသော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းနေသည့်နေရာများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ မြေယာလျော်ကြေးပေးအပ်ပွဲ ကျင်းပ

**ရွှေပြည်သာ ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနက သိမ်းဆည်းခံ တောင်သူများအား မြေယာလျော်ကြေးပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

မြေယာလျော်ကြေးပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြေယာဌာနမှ ဦးစီးအရာရှိဦးထွန်းထွန်းက မြေယာလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တောင်သူ လေးဦး၏မြေယာ ၅၉ ဒသမ ၇၈ ဧကအတွက် ၅၉၇ ဒသမ ၈ သန်းကို တောင်သူများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)



## မိုးညိုမြို့နယ်၌ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**မိုးညို ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးက မြို့နယ်အဆင့်ဆောင်ရွက်နေသော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းစဉ်များ၊ ကလေးသူငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်ပေးနေသောရောဂါများ၊ ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းနေသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

## ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ထုတ်ပေး



**ရန်ကုန် ဇန်နဝါရီ ၃၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ပြုလုပ်ရာ လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အကျိုးခံစားခွင့်များအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Hitachi Soe Electric & Machinery Co.,Ltd. မှ အာမခံအလုပ်သမား ဦးထွန်းဟိန်း၏ အလုပ်ခွင်အတွင်း မတော်တဆထိခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀၀ အား သေဆုံးသူ၏ဇနီးဖြစ်သူ ဒေါ်နေခြည်နုထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာနတာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များရှေ့တွင် လက်ဝယ်ပေးအပ်ကြောင်း သိရသည်။

သန်းသန်းအေး

## ချောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးလွန်ကာလ စုပေါင်းသစ်ပင်ရေလောင်းပွဲ ကျင်းပ

**ချောက် ဇန်နဝါရီ ၃၁**

၂၀၂၄ ခုနှစ် မိုးရာသီတွင် လမ်းဘေးဝဲ/ယာများ၌ စိုက်ပျိုးထားသည့်သစ်ပင်များ၊ တစ်အုပ်တစ်မ စိုက်ခင်းများ ရှင်သန်စေရေးအတွက် ရေလောင်းပွဲကို ယနေ့ နံနက် ၈ နာရီက ပြည့်ပင်ကျေးရွာအုပ်စု မိုလာရဲစခန်းရှေ့ စိုက်ခင်း ချောက် - ဝွေးချို ကားလမ်း မိုင်တိုင်အမှတ် ၁၂/၀ မှ ၁၃/၃ ကြား လမ်းဘေးဝဲ/ယာ၌ ကျင်းပသည်။



ဦးစွာ စုပေါင်းရေလောင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က စတင်ရေလောင်းပေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်း များ စုပေါင်း အင်အား ၃၅၀ ဖြင့် တမာပင်၊ ကုက္ကိုလ်ပင်၊ ဖျောက်ဆိပ်ပင် စုစုပေါင်းသစ်ပင် ၆၅၀ အား ရေလောင်းခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးပြီးသော သစ်ပင်များ ရေလောင်းပြုစုထိန်းသိမ်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ကျန်စစ်သားလမ်း၊ နဝဒေးအိမ်ရာရှိ (၁၇)ခန်းတွဲ (၂)ထပ် S.H တိုက်ခန်းများထဲမှ တိုက်ခန်းအမှတ်(၉၃/၁၂)၊ (၉၀၀)စတုရန်းပေအကျယ်နှင့် တိုက်ခန်းအမှတ် (၉၃/၁၄)၊ (၇၅၀)စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၂)ခန်းသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်စာအုပ် (Owner Book) တွင် ရောင်းချသူ ဒေါ်ခင်သိင်္ဂီ [၁/မကန(နိုင်) ၀၁၂၅၅၅] အမည်ဖြင့်ချထားပေးခဲ့သော တိုက်ခန်းများဖြစ်ပြီး၊ အမည်ပေါက်မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ပြီး၊ အပေါင်အနှံ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်း(၂)ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ကြည်မွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ပုဂံလမ်း၊ မြေကွက်အမှတ် (၄၀၅/ခ) ဟုခေါ်တွင်သည့် အလျား ၂၀ပေx အနံ ၆၀ပေ ဖြစ်သော ဦးအောင်စိုး မူရင်းအမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းမြင့် [၁၂/ဥကတ(နိုင်) ၀၆၄၄၂၃] ကိုင်ဆောင်သူက မိမိတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထားများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးအောင်ကျော်လင်း [၁၂/ဒဂတ(နိုင်)၀၃၀၂၃၄] ၏ လွှဲအပ်ချက်အရ–**
**ဦးပြည့်ခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၄၄၆)**
**အမှတ်(၁၁၈၂)၊ တိုက်ခန်းအမှတ်(2–A)၊ ပထမထပ်၊ ဇင်္ဂမလမ်း၊**
**၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၉၉၃၈၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ARA Residences၊ Building (Y– 45)၊ Unit No (107–A)၊ အကျယ်အဝန်း (၃၆၂)စတုရန်းပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်တင်ဇာကျော် [၅/စကန (နိုင်) ၁၇၈၆၃၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၁၄)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## “ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့သစ်(၂)လမ်း၊ မြေကွက်အမှတ်(၁၁၈)၊ လူနေရပ်ကွက် (၁)ရပ်ကွက်၊ တိုက်အမှတ်(ခ/၂၉)၊ ၂–ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်”

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဒေါ်နီနီဝင်း [၁၂ / မရက (နိုင်) ၀၁၇၆၈၂]မှ ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်ဇင်အေး [၁၀/သထန(နိုင်) ၁၉၃၅၁၆]မှ (၁၀–၁–၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သော်ဇင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၂၄၂၄၈၂၂**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း (၈/မမန (နိုင်) ၁၆၉၅၄၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း (၈/မမန (နိုင်) ၁၆၉၅၄၄) နှင့် ဒေါ်စီစီမြင့် (၈/မမန (နိုင်) ၂၂၅၉၁၆) တို့သည် အကြင်လင်မယားအဖြစ်မှ (၁၀-၁-၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း နှင့် ဒေါ်စီစီမြင့် တို့သည် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးလျှမ်းထက် (LL.B) | ဦးသီဟမျိုးဟန် |
| (စဉ်-၁၁၇၈၈) | (LL.B) (စဉ်- ၂၇၂၂၀) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်-၃၉၁၊ အောင်မေတ္တာလမ်း၊ (၂၉) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၁၁၀၆၇၀၈၊ ၀၉ ၂၅၄၂၀၆၈၆၂

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် (၃)လမ်း၊ အမှတ် (၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄စီ^၁)က၊ လူနေရပ်ကွက်–(S.၆၈)၊ မြေကွက်အမှတ်–၁၀၃၊ အကျယ် ($\frac{၂၇'}{၂၆'}$ x $\frac{၅၃'}{၅၂.၉'}$)ပေ၊ ဧရိယာ ၀.၀၃၂ ဧကရှိ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးဇက် [၁၂/သဃက(နိုင်) ၁၂၄၁၄၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစန်းလွင် [၁၂/မဂတ (နိုင်) ၁၀၇၆၅၅]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| ဒေါ်မာမာသိန်း | ဒေါ်ဝင့်ထက်ထက်စံ | ဦးထွန်းသူအောင် |
| (LL.B) | (LL.B) | (LL.B) |
| (စဉ်–၈၇၉၂) | (စဉ်–၁၈၅၅၃) | (စဉ်–၅၅၇၆၄) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

**အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ (၂) လမ်း၊ အမှတ်(၅၈)၊ ဦးသန်းအောင် အမည်ပေါက်သည့် မြေအကျယ်ပေ(၂၁x၆၀) ပေါ်တွင် ဆောက်လုပ်ထားသော (၃–ထပ်ခွဲ)တိုက်၏ (မြေညီထပ်)ဖြစ်သော (တိုက်ခန်း) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်သန်း [၉/မတရ (နိုင်)၀၀၉၆၇၂]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ချယ်ရီလွင် [၁၄/ဘကလ(နိုင်) ၃၃၁၁၂၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီလွင်၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြငွေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး– (၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၅၄၀၇၂၂၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ (၁၁)လမ်းတွင်တည်ရှိသော ပေ(၂၀)x ပေ(၆၀) အကျယ်အဝန်းရှိ မြို့မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ထားကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်အေး၏ သားသမီးများဖြစ်သော ဦးစိုးလွင်၊ ဦးသန်းလွင်၊ ဒေါ်လှလှအေး၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်ခင်အေး၊ မိုးလွင်ထွေးတို့ထံမှ (၃၁–၁၂–၂၀၂၁) ရက်နေ့တွင် ကာလပေါက်ဈေးဖြင့် **“အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်”** ပြုလုပ်ချုပ်ဆို၍ ဒေါ်ရွှန်းလဲ့လဲ့ဝေ [၁၂/တတန(နိုင်)၂၀၆၁၈၆]၏ နာမည်ဖြင့် ဝယ်ယူခဲ့ပြီးနောက် ထိုမြေကွက်ပေါ်တွင် (၂)ထပ်တိုက်တစ်လုံး ဆောက်လုပ်ခဲ့ပါသည်။ ထိုမြေကွက်ဝယ်ယူမှုနှင့် မြေကွက်ပေါ်ရှိ (၂)ထပ်တိုက် တည်ဆောက်မှုတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင့်ဝသန်ချို(ခ)ဒေါ်လှဝင်းကြည် [၁၂/တတန (နိုင်)၂၆၃၁၆၅]မှ ငွေများစွာထည့်ဝင်ခဲ့သည့်အတွက် အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ်တိုက်တို့အား ဒေါ်ရွှန်းလဲ့လဲ့ဝေ [၁၂/တတန(နိုင်)၂၀၆၁၈၆]နှင့်အတူ ပူးတွဲပိုင်ဆိုင်ပါကြောင်းနှင့် ဒေါ်ဝင့်ဝသန်ချို(ခ)ဒေါ်လှဝင်းကြည် မသိရှိဘဲ ထိုမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ်တိုက်တို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝသန်ချို(ခ)ဒေါ်လှဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုဇနေအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်– ၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၇၃၆၂၁၆၉၊ ၀၉–၉၄၅၅၄၅၅၅၃**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄/တိုးချဲ့၊ မြေကွက်အမှတ်(၂၉၄)၊ အကျယ်အဝန်း (၃၀ ပေx ၅၀ ပေ)အနက်မှ (၁၅ပေ x ၅၀ပေ)ရှိ ဦးစန်းလွင် (EME–၀၀၃၉၀၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၉၄/က)၊ ခေမာကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်နိုင်စိုး [၇/ကဝန(နိုင်) ၁၁၁၂၁၂]နှင့် ဒေါ်အေးအေးမာ [၁၂/မရက (နိုင်) ၁၃၂၃၇၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မင်းဆွေ (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်– ၂၉၁၈၉)**
**အမှတ် (၄၄)၊ ပ–ထပ်၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၄၂၀၀၃၅၄၃၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်–၂၁၇(ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးမျိုးမင်းထွန်း [၁၂/ကမတ(နိုင်)၀၅၄၁၉၈] အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို** အမည်ပေါက်သူကိုယ်တိုင်က ဥပဒေနှင့်အညီ လက်ဝယ်ရှိပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းမရှိသောကြောင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း၊ ဝန်ခံကတိပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၃၆၅)**
**အမှတ်– ၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၁၈၀၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ဦးပြုံးချိုလမ်း၊ မြေကွက်အမှတ်– ၉၈၆၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်ခင်သဲဖြူ [၁၂/မဂတ(နိုင်)၀၉၂၀၂၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အမည်ပေါက်သူထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဒေါ်စုစုလတ် [၁၂/ကမရ(နိုင်)၀၁၉၁၅၁]**က ဝန်ခံကတိပြုလာသဖြင့် **ဦးမြင့်အောင်ထွန်း [၉/ခအဇ(နိုင်) ၀၀၇၄၁၃]**မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၃၆၅)**
**အမှတ်– ၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၃၂၁၈၀၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖုံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၃၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်ရှိ စတုတ္ထထပ်၊ (၅)လွှာ၊ ခေါင်းရင်းခန်း(ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂.၅x၅၀)ပေ အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သန္တာဝင်း [၆/မမန(ပြု) ၀၀၀၄၀၇]မှ ရောင်းချရန်ကမ်းလှမ်းခဲ့၍ ဒေါ်မေဖြိုးသက် [၁၀/သထန(နိုင်) ၁၄၀၂၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဖြိုးသက်**
**[၁၀/သထန( နိုင်) ၁၄၀၂၀၁]**
**ဖုန်း– ၀၉–၄၂၀၁၂၉၀၇၁၊ ၀၉–၄၅၂၁၁၀၉၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက် အမှတ်– ၁၈၂၆ ဟုခေါ်တွင်သည့် (အလျား ၄၀ ပေx အနံ ၆၀ပေ) အကျယ်ရှိ ဦးအောင်ကြည် (KPG–၁၂၉၃၆၀) အမည်ဖြင့် ချထားပေးခြင်းခံရသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သီတာအောင် [၁၂/ဒဂတ(နိုင်) ၀၉၆၀၂၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မိုးသန်း [၁၂/လမန(နိုင်) ၀၆၂၉၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးဝေဇင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၇၈၄)**
**အမှတ်– ၆၂၊ ပထမထပ်၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၄၆၁၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၅၃၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၅၃၃)၊ အကျယ်အဝန်း (၄၀'×၆၀') အကျယ်ရှိ ဒေါ်နိုင်နိုင်ဦး (V/RGN-၀၀၄၉၁၇) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဦးပိုင်မြင့် (၁၁/တကန(နိုင်)၀၅၈၁၀၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခိုင်ခိုင်စန်း | ဒေါ်နှင်းနုလွင် |
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ သူရ(၅)လမ်းနှင့် သူရလမ်းထောင့်၊ မြေကွက်အမှတ် (၁၅၄/ခ)၊ မြေအကျယ်အဝန်း (၂၈ပေ/၂၃ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၃၅)ဧက၊ (၁၅၃၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးမြင့်အောင် [၁၂/ဥကတ(နိုင်) ၀၀၅၀၉၈]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ချိုချိုဦး [၁၂/ဥကတ(နိုင်) ၂၁၅၄၇၈]**သည် “နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်”ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်သန်းသန်းငွေး [၁၂/ဥကတ (နိုင်) ၀၅၀၀၁၃]**ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်သန်းသန်းငွေး**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်ကြည် (LL.B) | ဒေါ်စုစုလှိုင် (LL.B) | ဒေါ်ပန်းသဇင်ကျော် (LL.B) |
| (စဉ်– ၁၁၄၀၆) | (စဉ်– ၅၅၅၆၃) | (စဉ်– ၅၆၈၂၃) |
| တရားလွှတ်တော်ရှေ့နေ | ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B) | ဒေါ်သက်ထားခိုင် (LL.B) |
| | (စဉ်– ၅၆၆၆၂) | (စဉ်– ၅၆၈၇၅) |
| | အထက်တန်းရှေ့နေများ | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကိုးလုံးကွင်းကျေးရွာ၊ကွင်းအမှတ်- ၅၂၁/A၊ ဦးပိုင်အမှတ်-(ဣ/၄၃/၄၊ ၄၅/၂)၊ ဦးသန်းဖေလမ်း၊ ခြံအမှတ်- ၁၆၅၊ အကျယ်အဝန်း-(အလျား-၁ဝ၈/၁၁၈ ပေx အနံ-၈၉/၇၃ပေ)ရှိ မြေကွက်ကြီးအနက်မှ အကျယ်အဝန်း-(အလျား- ၃၆/၃၈ပေx အနံ- ၈၀.၄/၈၀ပေ)ရှိ (အရပ်အခေါ်)အမှတ်-၁၆၅/B ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးတင့် [၅/အရတ(နိုင်)၁၀၆၄၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၆၈၈)**
**အမှတ်- ၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း-(၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁/ ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၂၉၈၇)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ညီညီအောင် မှတ်ပုံတင်အမှတ် [၁၂/ဒဂန(နိုင်) ၀၁၆၂၄၂]၊ အဖအမည် ဦးလှအောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသော်ဇင်လတ် ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော TITAN စာအုပ်ထုတ်လုပ်ဖြန့်ချိရေးမှ Great International Co.,Ltd နှင့် မိတ်ဖက်ဆောင်ရွက်ခဲ့ရာတွင် အဆိုပါကုမ္ပဏီမှ ဝန်ထမ်းဖြစ်သူ ဦးဝဏ္ဏမောင်မောင်ဖြင့် လုပ်ငန်းသဘော ရင်းနှီးဆက်ဆံမှုသာရှိပြီး အခြားသောငွေကြေးဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုမရှိပါ။ သို့ရာတွင် ကျွန်ုပ်မိတ်ဆွေပတ်ဝန်းကျင်၌သော်လည်းကောင်း၊ မိတ်ဆွေများအကြားတွင်သော်လည်းကောင်း ဦးဝဏ္ဏမောင်မောင်၏ ငွေကြေးဆိုင်ရာ ပြဿနာရပ်များ၌ ကျွန်ုပ်မိတ်ဆွေနှင့်တကွ အစ်ကိုဖြစ်သူ ဦးညီလင်းထက်တို့မှ ပါဝင်ပတ်သက်ဆက်နွှယ်သည့်အလား သွားပုတ်လေလွင့် ပြောဆိုနေမှုများအား ညွှန်ကြားထားပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေအပါအဝင် အစ်ကိုဖြစ်သူ ဦးညီလင်းထက်တို့အနေဖြင့် ဦးဝဏ္ဏမောင်မောင်နှင့် မည်သည့်ကိစ္စ ပူးပေါင်းဆောင်ရွက်ခြင်း အလျဉ်းမရှိကြောင်းနှင့် ၎င်း၏ဆောင်ရွက်မှုကိစ္စရပ်အဝဝမှာလည်း ကျွန်ုပ်မိတ်ဆွေအပါအဝင် ဦးညီလင်းထက်တို့နှင့် အလျဉ်းသက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေ အကျိုးယုတ်လျော့စေမည့်၊ ဂုဏ်သိက္ခာကျဆင်းစေမည့် မဟုတ်မမှန် သွားပုတ်လေလွင့်ပြောဆိုပြုမူချက်များအား ထပ်မံမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသော်ဇင်လတ် [၁၂/သဃက(နိုင်) ၁၈၀၅၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်မောင်သိန်း(စဉ်-၅၃၃၈)** | **ဒေါ်ခိုင်ဇာသွယ်(စဉ်-၁၉၈၉၉)** |
| **B.A, RL, D.B.L, D.I.L** | **LL.B, D.B.L** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၀၆၄၆၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေယုံ [၁၃/လရန(နိုင်)၁၀၂၆၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ် (၇၁/၇၂)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၁၅၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်အေးအေးကြူ [၁၂/ကမတ(နိုင်)၀၂၀၂၀၁] အမည်ပေါက်ပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မေယုံအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်အေးအေးကြူထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**

| | |
|---|---|
| **ဒေါ်အေးနန္ဒာလင်း (LL.B)** | **ဒေါ်မြတ်သီရိဇော် (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၃၄၇၅** | **(အထက်တန်းရှေ့နေ) စဉ်-၅၂၃၃၄** |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်- ၅၄-A/၁တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၅E၊ မြေကွက်အမှတ်- ၅၄-A/၁၊ ဧရိယာ(၀. ၀၅၄)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဦးအောင်ဖြိုးလှိုင် နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၅၀၂၁၂၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၈/မြောက်)ရပ်ကွက်၊ ပြည်သာယာလမ်းသွယ် (၃)လမ်း၊ အမှတ် (၈၉/B)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၅)လွှာ၊ ခြေရင်းခြမ်း၊ (၁၅'x၅၅')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြင့်မြင့်ဝေ [၁၂/ကမတ (နိုင်) ၀၂၆၀၅၆]၊ ဒေါ်ဝင်းဝင်းလှိုင် [၁၂/ကမတ (နိုင်) ၀၅၂၁၆၀]၊ ဒေါ်သီတာပို [၁၂/ရကန(နိုင်) ၀၈၇၈၄၅]၊ ဦးစည်သူအောင် [၁၂/ကမတ (နိုင်) ၀၇၆၀၄၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းမြင့် [၁၂/သဃက (နိုင်) ၀၄၆၁၇၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၁)** |

**အမှတ် (၇၉/မြေညီ)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၉၃၉၇၀၊ ၀၉-၅၄၀၉၉၀၇၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁/၇၂)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၂၃)၊ အကျယ်အဝန်း (အလျား ၄၀-ပေx အနံ ၆၀-ပေ) (ဧရိယာ ၀.၀၅၅ ဧက) ရှိ ဒုပိုလ်မှူးကြီးခင်မောင်ထူး၊ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့် ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်မေမြတ် (LL.B)** | **ဒေါ်ယဉ်ယဉ်သန်း (LLB)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၈၇၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၈၄)** |

**အမှတ် (၁၄)၊ မလိခလမ်း၊ (၁၈/ဘီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၈၅၈၁၂၂၁၁၊ ၀၉-၇၉၉၈၅၃၃၁၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆) ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ရတနာသိင်္ခလမ်း၊ တိုက်(၂၀)၊ အခန်း (၃၀၆)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မခိုင်ဇင်သက် [၁၄/အမန (နိုင်) ၁၄၅၈၀၃]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၃၀)**
**ဖုန်း - ၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

